# ဧရာဝတီမှသည် ရိုးမ တောင်တန်းကြီးများဆီသို့



အရှင်ဉာဏိက

ပြန်လည်သတိရမိလေတိုင်း နာကျင်တဲ့ဒဏ်သစ်တွေဖြစ်တတ်လို့ တချို့အတိတ်တွေကို မေ့နိုင်သမျှမေ့အောင် နေထိုင်ခဲ့တယ်။ သို့ပေမယ့် ကိုယ်မေ့ထားလိုတဲ့ အရာတစ်ခုကတော့ အကြောင်းတိုက်ဆိုင်တိုင်း မမေ့နိုင်ပဲ အသစ်ဖြစ်ကာ ရင်မှာပြန်လည်ပေါ်လာတတ်မြဲ။ ဒါဟာ ကိုယ့်စိတ်ကို ကိုယ်ပြန်လည်လှည့်စားမှုက အရာမရောက်ဘူး၊ မအောင်မြင်ဘူးဆိုတဲ့ သဘောပေ့ါ။ ပိုဆိုးတာက ဒီလိုမေ့ထားလိုတဲ့အရာက ကိုယ့်ကိုယ်အဆတိုးနဲ့ ဒဏ်သင့်စေလေသလားတော့ မဆိုနိုင်ဘူး။ ငုတ်လျှိုးရာကနေ အမှတ်မထင် တဖန်ပြန်ပေါ်လေတိုင်း အရင်က ခံစားရတာထက် ပိုပြီး နာကျင်တဲ့ ခံစားမှုကို ဖြစ်ပေါ်စေခဲ့တယ်။ နက်ရှိုင်းတဲ့ ဒဏ်သစ်ကိုလည်း ဖြစ်စေတယ်။

အစိုးရကဦးစီးကျင်းပတဲ့ ပထမပြန်နဲ့ ဓမ္မာစရိယစာမေးပွဲများက တပေါင်းနှောင်းပိုင်းနဲ့ တန်ခူးဆန်းစမှာ ကျင်းပစမြဲ။ အစိုးရစာမေးပွဲအသီးသီးကို ဝင်ရောက်ဖြေဆိုကြတဲ့ စာသင်သားတွေက အစိုးရစာမေးပွဲတွေပြီးတာနဲ့ မိဘရပ်ထံ အလည်ပြန်လေ့ရှိကြတယ်။ ရပ်ရွာရှိ မိဘဆွေမျိုးများက လှူဒါန်း၊ ဆရာသမားများက စွန့်ကြဲမယ့် သင်္ကန်း၊ သပိတ် စတဲ့ တစ်ကိုယ်ရေ အသုံးအဆောင်တွေကို ပြန်လည်စုဆောင်းရင်း လာမည့်စာသင်နှစ်အတွက် စာအုပ်ဖိုးစတဲ့ ကုန်ကျစရိတ် နဝကမ္မကိုလည်း အလှူခံရင်းနဲ့အတူပေ့ါ။ ဒီတော့ နွေအခါများမှာဆို ကိုယ်နေထိုင်ခဲ့တဲ့ မန္တလေးရဲ့ အထင်ကရ စာသင်တိုက်ကြီးမှာဆို သံဃာဆိုတာက လက်ချိုးရေလို့ရနိုင်လောက်တဲ့ အနည်းငယ်သာ ကျန်တော့တယ်။

ကိုယ်ကတော့ သကျသီဟစာမေးပွဲကို ဝင်ရောက်ဖြေဆိုနေတဲ့သူ။ သကျသီဟစာမေးပွဲက နယုန်လမှာ ကျင်းပနေကြ။ ဒီတော့ သူများတွေမိဘရပ်ထံပြန်ချိန်မှာ မပြန်နိုင်ပဲ အင်တိုက်အားတိုက် စာလုပ်နေရတဲ့အချိန်။ ဒီတော့ နွေအခါများမှာ သကျသီဟစာမေးပွဲဖြေဆိုမည့်သူရယ်၊ နွေဦးမှ ရောက်သစ်စ သာမဏေငယ်များလောက်သာပဲ ကျောင်းမှာကျန်နေတတ်တယ်။အခြားအချိန်များမှာ တစ်ပါးနဲ့တစ်ပါး ပခုံးခြင်းထိလုမတတ် ကြပ်ညပ်နေလို့ ရှောင်တိမ်းတိုးဝှေ့ သွားလာရလေ့ရှိတဲ့ ကိုယ်နေထိုင်ရာ စာသင်ဆောင်မှာ နွေဆို မိတ်ဆွေတို့ရဲ့ ခြေသံတွေလည်းကင်း၊ စာအံသံလည်း ရှင်းလို့ ပျင်းရိညည်းငွေ့ခြင်းအတိ ဖြစ်နေတတ်တယ်။ အမြဲတမ်း စည်စည်ကားကား ဆူဆူညံညံဖြစ်နေတဲ့ ကျောင်းကြီးက တိတ်ဆိတ်ငြိမ်သက်လို့။ လှုပ်ရှားမှု ကင်းမဲ့စွာ။ နွေဆိုတာ ပူလောင်မှုရဲ့ သင်္ကေတ၊ ခြောက်သွေ့ခြင်းရဲ့ နိမိတ်ပုံ၊ ခွဲခွာခြင်းအတွက် အချက်ပြရက်တွေများလား။

ကိုယ့်စိတ်ကိုအစဉ်ထာဝရဒဏ်သင့်စေခဲ့တဲ့ ဖြစ်စဉ်တစ်ခုဟာလည်း အဲဒီနွေတစ်ခုမှာပဲ ဖြစ်ခဲ့တယ်။ ဒီအဖြစ်လေးဟာ အလွန်တရာပူလွန်းလှတဲ့ မန္တလေးနွေနေထက် အဆ ရာထောင်မက ပူလောင်မှုကို ဖြစ်စေနိုင်တယ်ဆိုတာကိုလည်း ခုလို နှစ်လတွေရှည်ကြာလာလေလေ ပိုပိုပြီးသိလာရတယ်။ မန္တလေးနွေရဲ့အပူက ခုချိန်မှာ တမင်ပြန်လည်စဉ်းစားတာတောင်မှ သိပ်ပြီးပီပီပြင်ပြင် ပုံဖော်ခံစားလို့ မရနိုင်တော့ဘူး။ ဒါပေမယ့် မန္တလေးနွေနေအောက်မှာ ခံစားခဲ့ရတဲ့ နှလုံးသားဒဏ်သင့်အပူကတော့ ပြန်လည်မခေါ်ရပဲ ခုတိုင်ကိုယ့်ရင်မှာ အမှတ်မထင် ထင်လာတတ်ဆဲ။ လတ်ဆတ်နေဆဲ။ ပူလောင်နေဆဲ။ နာကျင်နေဆဲ။

တန္ဆေမှာပေါ့။ အဲဒီတန္ဆေဟာ အခြားအခြားနှစ်တွေထက် ပိုပြီးပူလောင်တဲ့န္ဆေလည်းဖြစ်တယ်။ တကယ်ဆို အများစုသော စာသင်သားတွေက စာမေးပွဲပြီးတာနဲ့ ကိုယ့်မိဘရှိရာ မွေးရပ်ရွာကို ချက်ခြင်းဆိုသလို ပြန်တတ်ကြတယ်။ ဒါမှမဟုတ်လည်း စာမေးပွဲပြီးလို့ နောက်တစ်ရက်နှစ်ရက်နေတာနဲ့ ပြန်တတ်ကြတယ်။ ဒီနှစ်မှာတော့ ထူးထူးဆန်းဆန်းပဲ အခြားသူတွေ အမေ့ရွာကိုပြန်ကြတဲ့အချိန်မှာ ကိုယ်တို့အခေါ်ရှမ်းလေး၊ သူ့ဘွဲ့ 'သုဓမ္မ'လို့ခေါ်တဲ့ ရှမ်းကိုရင်လေးတစ်ပါး ရွာမပြန်ပဲ ကျန်နေခဲ့တယ်။ အစပထမတော့ သူဘာကြောင့် မပြန်သေးတာလဲလို့ ဘယ်သူမှ မမေးမိကြပါဘူး။ သို့ပေမယ့် တစ်ပတ်ကျော်လာတဲ့အထိ သူမပြန်သေးတာကိုတွေ့ရတော့ ကိုယ်က 'ဟရှမ်းလေး စရိတ်လေး ဘာလေးစုဆောင်းဖို့ အမေ့ရွာ မပြန်ဘူးလား'လို့ မေးဖြစ်ခဲ့တယ်။ ကိုယ်ဒီလိုမေးလိုက်တော့ ရုတ်တရက်ဆိုသလိုပဲ သူ့မျက်နှာညှိုးလျှသွားတယ်။ ဒါပေမယ့် ချက်ခြင်းပဲ သူ့မျက်နှာကိုပြင်ပြီး သူ့အကြောင်းကို တည်တည်ငြိမ်ငြိမ် ပြန်ပြောပြတယ်။ သူ့မျက်နှာကို သူဘယ်လိုပဲပြောင်းပြောင်း သူပြောနေတဲ့အသံထဲမှာ ကြေကွဲအားငယ်သံ ရောစွက်နေတယ်ဆိုတာ ကိုယ်ကောင်းကောင်း ခံစားနားလည်နိုင်ခဲ့တယ်။ သူ့မျက်နှာပြုံးနေပေမယ့် ပြုံးနေတဲ့သူ့မျက်ဝန်းမှာ ထင်ထင်ရှားရှားဝေသီနေတဲ့ မျက်ရေရိပ်ကပဲ သူ့နှလုံးမှာတော့ ယူကြုံးမရ ငိုနေတယ်ဆိုတာကိုလည်း ကိုယ်မှန်းဆနားလည်နိုင်ခဲ့တယ်။

သူ့မှာ အဖေလည်းမရှိ၊ အမေလည်း မရှိပါဘူးတဲ့။ တိတိကျကျ ပြောရလျှင် သူ့အဖေအမေ ဘယ်သူဖြစ်တယ်ဆိုတာ သူမသိပါဘူးတဲ့။ သူ့ဆရာဘုန်းကြီး(သူ့အခေါ်ဘဘုန်း) ပြောစကားအရဆိုလျှင်တော့ သူငယ်စဉ် ၅ လသားလောက်ကပဲ သူတို့ရွာလေးကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ ဝင်လာတယ်။ ဆန့်ကျင်ဘက်အဖွဲ့အစည်းတစ်ခုကို အားပေးလို့ဆိုပြီး သူတို့တစ်ရွာလုံးကို မီးတိုက်ပစ်တယ်။ ရွာမီးလောင်လို့ ရွာထဲကနေထွက်ပြေးလာသူအားလုံးကိုလည်း လက်နက်ကိုင်ထားတဲ့သူတွေက အပြင်ကနေစောင့်ကာ သေနတ်နဲ့ဆီးပစ်တယ်။ ဒါကြောင့် အိမ်ခြေ ၄၀ ကျော်လောက်ရှိတဲ့ သူတို့ရွာလေး မီးလောင်ကျွမ်းခဲ့သလို ရွာသားအားလုံးနီးပါးလည်း သေကြေခဲ့ရတယ်တဲ့။ ကံကောင်းထောက်မလို့ သူ့ကိုတော့ အိုးတစ်လုံးထဲမှာထည့်ပြီး ရေကန်ငယ်တစ်ခုထဲမှာ ပစ်ချထားခဲ့လို့ ရွာကိုမီးလောင်ပြီး နှစ်ရက်လောက်နေမှ အခြားရွာကနေရောက်လာတဲ့ ဦးအိုက်ခန်းဆိုတဲ့ ရှမ်းအဘိုးကြီးတစ်ယောက်ကတွေ့ပြီး ဘဘုန်းဆီလာပို့လို့ ဘဘုန်းက လက်ခံမွေးစားထားခဲ့တာတဲ့။ သူ့ဘဝမှာ အရင်းနီးဆုံးဆွေမျိုးသားချင်းဆိုလို့ ဘဘုန်းတစ်ပါးပဲရှိတာတဲ့။ လွန်ခဲ့တဲ့နှစ်လလောက်ကပဲ သူ့ဘဘုန်းလဲ ပျံလွန်တော်မူသွားပြီ။ နောက်ပြီး သူ့ဘဘုန်းသီတင်းသုံးတဲ့ကျောင်းနဲ့ရွာလည်း လက်နက်ကိုင်လက်သစ်တွေ ဖျက်ဆီးလို့ ပျက်စီးသွားခဲ့ပြီလို့ သူကြားသိရတယ်တဲ့။ ဒီတော့ သူပြန်သွားလည်း သူ့ဘဘုန်းကို မတွေ့နိုင်တော့သလို သူနဲ့အတူကစားခဲ့တဲ့ ကစားဖော်တွေလည်း တွေ့နိုင်တော့မှာ မဟုတ်ဘူးတဲ့။ သူ့မှာ အမေခေါ်စရာလည်း အမေမရှိသလို ပြန်လည်စရာလည်း ရွာမရှိပါဘူးတဲ့။

သူ့စကားကိုကြားရတော့ ကိုယ့်မှာအခိုက်တန့်မျှ နှလုံးရပ်တန့်သွားသလို ခံစားမိတယ်။ အားပေးစကားလေး တစ်ခွန်းတောင်မှပဲ ပြန်လည်မပြောခဲ့နိုင်လောက်အောင် ဖြစ်ခဲ့ရတယ်။ အမေခေါ်စရာ မရှိတဲ့ဘဝ၊ အလည်ပြန်စရာ နေရာလေးပင် မရှိတဲ့ဘဝ၊ ဘယ်လောက်များ ကြေကွဲအားငယ်ဖွယ်ကောင်းလိုက်ပါသလဲ။ သူ့ဘဝရဲ့အဖြစ်အပျက်က ဝတ္ထုရေးဆရာတွေ ဖန်တီးထားတဲ့ နာကျင်ကြေကွဲဖွယ် ဇာတ်လမ်းတစ်ပုဒ်ထက်ပိုပြီး ကြေကွဲနာကျင်ဖွယ်ပါ။ ဆင်းရဲခြင်းကလွဲလို့ မိဘအစုံအလင်၊ ဆွေမျိုးအသိုက်အဝန်းနဲ့ကြီးပြင်းခဲ့ရတဲ့ ကိုယ်ကိုယ်တိုင်တောင်မှ ဘဝမှာ အခက်အခဲ တွေ့တတ်သေးတာ၊ အားငယ်စိတ်လျော့မှုတွေနဲ့ ကြုံဆုံတတ်သေးတာ။ ဘဝမှာ ဘာဆိုဘာမှ မရှိရှာတဲ့ ရှမ်းကလေး၊ သူ့ဘဝခရီး ဘယ်လိုများဆက်ရှာလေမလဲလို့ သနားစိတ်ဖြစ်ခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ ဟိုနားဒီနားသွားတိုင်း သူ့ကို အတူလိုက်ပါဖို့ ခေါ်မိတတ်ခဲ့တယ်။ တတ်နိုင်သမျှလည်း ကူညီခဲ့တယ်။ သို့ပေမယ့် သူ့အတွက် ဘာမှထိထိရောက်ရောက် ကူညီပေးနိုင်တဲ့အနေအထား မရှိခဲ့ပါဘူး။ ဒီအတွက်လည်း ကိုယ့်ကိုယ်ကို အားမရနိုင်ဖြစ်ခဲ့မိသလို သူ့အတွက်လည်း နက်နက်ရှိုင်းရှိုင်း ဝမ်းနည်းမိခဲ့ရပါတယ်။ နောက်သုံးလလောက်အကြာမှာတော့ မန္တလေးတောင်ပြင်မှာရှိတဲ့ ရှမ်းကျောင်း တစ်ကျောင်းဆီကို သူပြောင်းရွှေ့သွားတယ်။ အဲဒီနောက် သူနဲ့အဆက်အသွယ်ပြတ်သွားတာ၊ ခုတိုင်ပါပဲ။ ကိုယ်တို့ခေါ်ခဲ့တဲ့ ရှမ်းလေး၊ ခုချိန်မှာ ဘယ်ဆီများရောက်လို့နေလေမလဲ။ သူ့ဘဝဖြောင့်ဖြူးသာယာစေဖို့ကိုတော့ သတိရတိုင်း ဆုတောင်းမိတတ်ပါတယ်။

နာကျင်စရာ လူသားများရဲ့ဘဝတွေကို သတိရတိုင်း တွေးမိလေတိုင်း ဒဏ်သစ်တွေဖြစ်တတ်လွန်းလို့ ရှမ်းလေးရဲ့ ဝမ်းနည်းဖွယ်ဘဝဇာတ်လမ်းကိုလည်း မေ့ထားနိုင်အောင်ကြိုးစားမိတတ်တယ်။ ဒါဟာ ဆင်းရဲခြင်းဝန်းကျင်ကနေ ယာယီပုန်းခိုရာကို တစ်ကိုယ်ကောင်းဆန်စွာ ရှာဖွေခြင်းတမျိုးလည်း ဖြစ်နိုင်ပါတယ်။ သို့ပေမယ့် ငုတ်လျှိုးနေတဲ့ဒဏ်က ပေါ်ချိန်တန်လျှင်ဖြင့် ပြန်ပေါ်လာတတ်စမြဲပါပဲ။ နာကျင်စရာမို့ အနာထင်ဆဲ။ နာကျင်ဆဲပါပဲ။

ခုတော့ ရှမ်းလေးလို ဘဝတူလူသားတွေကို ကြားတွေ့နေရပြီ။ ဒီလူသားတွေကိုတော့ နာဂစ်ဆိုတဲ့ ပန်းပုဆရာက ပုံဖော်ထုဆစ်လိုက်တာလေ။ ကမ်းလမ်းမမြင် လူသူသူမနီး မှောင်ကြီးမဲမဲ ရေပင်လယ်ကြားမှာ နှစ်ရက်ကျော်ကြာတစ်ယောက်ထဲအားငယ်စွာ တမ်းတငိုညည်းနေရှာတဲ့ ကလေးလေးတစ်ယောက်ကို သင်မြင်ကြည့်လိုက်စမ်းပါ့။ သူ့ရင်မှာဖြစ်တည်နေမဲ့ အားငယ်မှုတွေ၊ ထိတ်လန့်မှုတွေ၊ ကြောက်ရွံ့မှုတွေ၊ ဆာလောင်မှုတွေကို စာနာစိတ်နဲ့ စဉ်းစားခံစားကြည့်လိုက်စမ်းပါ့။ ဒါ နာဂစ်ပန်းပုဆရာ ထုဆစ်လိုက်တဲ့ ဘဝများစွာထဲက လူသားငယ်တစ်ဦးရဲ့ ဘဝပုံတူလေ။ ဒီလိုပုံတူဘဝတွေက ဒုနဲ့ဒေး။ တကယ်လို့များ နာဂစ်ဒဏ်သင့် ကလေးတစ်ယောက် သင့်ဝန်းကျင်မှာ ရောက်လာလို့ ရှမ်းလေးကို ကိုယ်မေးခဲ့သလိုပဲ ‘အမေ့ရွာ မပြန်ဘူးလား’လို့ စကားတစ်ခွန်း ရုတ်တရက်မေးမိခဲ့ရင်၊ ကိုယ့်မိတ်ဆွေ ရှမ်းလေးလိုပဲ ‘သူ့မှာ ပြန်စရာရွာမရှိသလို အမေဆိုတာ ဘယ်သူလဲဆိုတာကိုတောင် မသိဘူး’လို့ ပြန်ဖြေသံကို ကြားခဲ့ရရင်၊ အပြုံးမျက်လုံးနောက်မှာ ငုတ်လျှိုးနေတဲ့ အားငယ်ခြင်းကြောင့် စိမ့်စိမ့်လေးစီးကျလာတဲ့ နာကျင်ကြေကွဲခြင်းသက်သေ မျက်ရေတစ်စက်ကို ရုတ်တရက် မြင်လိုက်မိရင် သင်ကော ဘယ်လိုခံစားမိမလဲ။ သူ့အတွက်ကော သင်ဘယ်လိုများ အင်အားဖြစ်ဖွယ် စကားတစ်ခွန်း ရုတ်တရက် ဆိုနိုင်မလဲ၊ သူ့ဘဝအတွက် ထိရောက်တဲ့ အကူအညီတစ်ခုကို ပေးနိုင်မလဲ။

ပြောခဲ့သလို ကိုယ်ကတော့ ရှမ်းလေးအတွက် ဘာမှဖြစ်ဖြစ်မြောက်မြောက် မကူညီနိုင်ခဲ့တဲ့အတွက် တဘဝလုံး ယူကျုံးမရ နာကျင်နေမိတယ်။ တကယ်ပါ။ နာကျင်မှုဟာ ခံခက်နိုင်လွန်းတဲ့ ဝေဒနာတစ်ခုမို့ ဘဝကံခေလွန်းရှာတဲ့ လူသားတစ်ဦးဦးကို ဘာမှဟုတ်တိပတ်တိ မကူညီမိတဲ့အတွက်၊ မကူညီနိုင်ခဲ့တဲ့အတွက် ဘဝတသက်တာလုံး ကိုယ့်လိုပဲ ယူကျုံးမရစွာ နာကျင်ဒဏ်ကို အစဉ်ခံစားနေရမယ့်သူတစ်ဦး သင့်ကိုတော့ မဖြစ်စေချင်ပါဘူး။ ။